မဟာပဋ္ဌာန်း ပစ္စယနိဒ္ဒေသ ပါဠိတော်
အလွတ်ကျက်မှတ်နည်း
(စုတိယနိုလ်မှူးကြီး စင်စအာဝဏ်မြင့်)

နစမာ တသ ဘဂဝတော အရဟတော သမ္မာသမ္ဗုद္ဓဿ

ဗုဒ္ဓသာသနာကွယ်သည့် အခါ ပဋ္ဌာန်းကျမ်းကစ ၍ ကွယ်ပျောက်မည်ဟု ဆိုထားရာ မြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ ဗုဒ္ဓဘာသာဝင်ဟူသမျှတို့သည်ပဋ္ဌာန်းဒေသနာတော်ကိုအသံထွက်၍ နေ့စဉ်ညစဉ်တစ်ပြည်လုံးဆိစီညံနေအောင်ရွတ်ဆိုသင့်လှပေသည်။ မည်သည့်အကျိုးကိုလိုလား၍ရွတ်သည်ဖြစ်စေပဋ္ဌာန်းရွတ်ဖတ်သူ အတော်များများရှိကြသော်လည်း လွယ်ကူသော ပ စ္စယုဒ္ဒေသ ပါဠိကိုသာ အရွတ်များကြပေသည်။ ပ စ္စယနိဒ္ဒေသပါဠိကိုမူ (ပဋ္ဌာန်းကျမ်းမြတ် နှင့်စာလျှင် မဆိုစလောက်) ရှည်လျားခြင်း၊ အလွတ်မရခြင်းတို့ကြောင့် ကြိုးစားအားထုတ် ရွတ်ဖတ်သူ နည်းပါးပါသည်။

အမှန်မှာပဋ္ဌာန်းပ စ္စယနိဒ္ဒေသပါဠိတော်ကိုတူရာ–တူရာ အုပ်စုခွဲခြားမှတ်သားခြင်း၊ မတူသည့် အနည်းအကျဉ်းတို့ကို သူ့နေရာနှင့်သူ သတိပြုမိအောင် လေ့လာခြင်းပြုပါက **(၁၀)ရက်အတွင်း** အလွတ်ရွတ်ဆိုနိုင်မည်ဖြစ်ပါသည်။

(၂) အာရမ္မဏပစ္စယ

အာရမ္မဏပစ္စယောတိ ...



အထက်ပါအတိုင်းဆူရာစကားလုံးများကိုဘောင်အတွင်း စုစည်း၍ တစ်လုံးတည်းအဖြစ် ရေးချလိုက်သောအခါ ကျက်စရာ စကားလုံးအတော်နည်းသွားပါသည်။အပိုဒ်– ၂–ဧအားလုံးသည်

(၁၇)ဗျာနပစ္စယ(၁၈)မဂ္ဂပစ္စယ

ဗျာနပစ္စယောတိ... မဂ္ဂပစ္စယောတိ...

(၂၂)နတ္ထိပစ္စယ (၂၃)ဝိဂတပစ္စယ

နတ္ထိပစ္စယောတိ ... ဝိဂတပစ္စယောတိ...



ကျက်ရန် **၁၉။သမ္ပယုတ္တပစ္စယ** နှင့် **၂၀။ဝိပ္ပယုတ္တပစ္စယ** သာ ကျန်ပါတော့သည်။ ရင်းနှီးပြီးသား စကားလုံးများဖြစ်၍ အလွယ်တကူ နှုတ်တက်ရသွားပါလိမ့်မည်။ (၂၄) ပစ္စည်းလုံးကို အလွတ်ရသွားသည့် အတွက် ကြီးစွာသော ပီတိအဟုန်ကို ခံစားရပါတော့မည်။

(မနောဝိညာဏဓာတုယာတံသမ္ပယုတ္တကာနဉ္စဓမ္မာနံကိုဠ် ကာလေ ပုရေဇာတပစ္စယေန ပစ္စယော၊ **ကိုဠ် ကာလေ နပုရေဇာတပစ္စယေနပစ္စယော**။)

ယခုဆိုလျှင်စာဖတ်သူမဟာပဋ္ဌာန်းကိုကျက်မှတ်ပူဇော်လာသည်မှာ(၆)ရက်ကုန်လွန်ပြီဖြစ်ပါသည်။

(ဂ)ရက်မြောက်နေ့တွင်...

(၁၁) ပစ္ဆာဇာတပစ္စယ (၁၂) အာသေဝနပစ္စယ

ဌင်းတို့ကိုကျက်ပါ။ **ပစ္ဆာဇာတပစ္စယ** တွင်အထူးတင်ပြရန် မရှိ၊ တိုတိုကလေးဖြစ်ပါသည်။ **အာသေဝနပစ္စယ**တွင်စာရှည်သူ ခံတွင်းတွေ့နေသော **ပုရိမာ – ပုရိမာ**နှင့် **ပစ္ဆိမာနံ – ပစ္ဆိမာနံ** ကို တွေ့ရပါမည်။ ကုသလာ – ကုသလာ နှင့် အကုသလာ – အကုသလာ တွဲပြီး (အဗျာကတာ)အစား (ကြိယာဗျာကတာ) ဟု ပြောင်းမှတ်လိုက်ရုံနှင့်အလွတ်ရသွားပါလိမ့်မည်။

(၈)ရက်မြောက်နေ့တွင်...

(၁၃)ကမ္မပစ္စယ(၁၄)ဝိပါကပစ္စယ(၁၅)အာဟာရပစ္စယ

ဌင်းတို့ကိုကျက်ပါ။ တိုပြီးရှတ်ဆိုရ၍ကောင်းသဖြင့်အထူးတင်ပြရန် မရှိပါ။

နောက်တစ်ပိုဒ်တက်ပါမည်.....။

လေ့လာကြပါအံ့...

(၁)ဟေတုပစ္စယ

ဟေတုပစ္စယောတိ ...

ဟေတူ ဟေတု သမ္မယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေနပစ္စယော ။

ဤအပိုဒ်ကို အလွတ်ကျက်ပါ။ မျဉ်းတားထားသော စကားလုံးများသည် နောင်အကြိမ်များစွာ ပါလာမည်ကို ဂရုပြုပါ။ တိုလည်းတိုသဖြင့်ခဏချင်းပင်အလွတ်ရပါလိမ့်မည်။

အလွတ်ရပါကနောက်တစ်ပိုဒ်ကိုဆက်ကြပါစို့....

ဆန္ဒဝတော ကိန်းမ ကမ္မံ နသိဇ္ဇတိ။
ဝီရိယဝတော ကိန်းမ ကမ္မံ နသိဇ္ဇတိ။
စိတ္တဝတော ကိန်းမ ကမ္မံ နသိဇ္ဇတိ။
ပညဝတော ကိန်းမ ကမ္မံ နသိဇ္ဇတိ။

ဆန္ဒဝတော=ပြင်းပြသောအလိုဆန္ဒရှိသူအား၊ ဝီရိယဝတော=လွန်ကဲသော လုံလ ဝီရိယ ရှိသူအား၊ စိတ္တဝတော=ထက်သန်သော စိတ် ရှိသူအား၊ ပညဝတော=ထက်မြက်သောပညာရှိသူအား၊ ကိန်းမ=အဘယ်မည်သော၊ ကမ္မံ=အမူကိစ္စဟူသမျှသည်၊ နသိဇ္ဇတိ =မပြီးစီးပဲ ရှိနိုင်ပါအံ့နည်း။ သိဇ္ဇတိ ဧဝ=မုချအမှန်ဧကန်ပြီးစီးအောင်မြင်ရမည်သာတည်း။

(၁၆)ဂ္ဂန္ဒြိယပစ္စယ

ဂ္ဂန္ဒြိယပစ္စယောတိ ...



စက္ခု၊သောတ၊ဃာန၊ဇိဝှါ၊ကာယ၊ရူပ၊အရူပ ကို ဂ္ဂန္ဒြိယ နှင့် တွဲထားခြင်းသာ ဖြစ်ပါသည်။ တစ်ရက်တာအတွင်း စာဖတ်သူ အလွတ်ရနိုင်ပါသည်။

(၁၀)ရက်မြောက်နေ့တွင်စာဖတ်သူသည် **၁၇။ဈာန ပစ္စယ၊ ၁၈။ မဂ္ဂ ပစ္စယ၊ ၁၉။ သမ္မယုတ္တ ပစ္စယ၊ ၂၀။ ဝိပ္ပယုတ္တ ပစ္စယ၊ ၂၂။ နတ္ထိ ပစ္စယ** နှင့် **၂၃။ ဝိဂတ ပစ္စယ** အတိုကလေး (၆)ပုဒ် ကျက်ရပါမည်။ (၆)ပုဒ်ဆို၍ များပြားခြင်း၊ ခက်ခဲခြင်း မရှိပါ။ အလွန်လွယ်ကူပါသည်။ ဈာန နှင့် ဝိဂတ သည်လည်းကောင်း အမှတ်ပုဒ်များဖြစ်နေသည်ကို တွေ့ရပေမည်။

အာရမ္မဏပစ္စယေန ပစ္စယော နှင့် ဆုံးပါသည်။ အပိုဒ် ၁ နှင့် ၂ တို့သည်တံသမ္မယုတ္တကာနဉ္စဓမ္မာနံပါဝင်ပုံနှင့်အပိုဒ်(၁)အပိုဒ်ခွဲ (က)မှ (င) တွင် ဝိညာဏဓာတုယာ ပါဝင်ပုံကို ရှင်းလင်းစွာ တွေ့ရပေမည်။အပိုဒ်(၁)အပိုဒ်ခွဲ(စ)သည်မနောဓာတုယာကို၎င်း၊ အပိုဒ် (၂) သည် မနောဝိညာဏဓာတုယာ ကို၎င်း ခွဲခြားသုံးစွဲထားသည်မှာ သိသာပါသည်။ ရူပါ/သဒ္ဒါ/ဂန္ဓာ/ရသာ/ဖောဋ္ဌဗ္ဗာနှင့်စက္ခု/သောတ/ဃာန/ဇိဝှါ/ကာယ/မနော ကိုယဉ်ပါးသူများအလွတ်ကျက်ရန်ပင်မလိုတော့ပါ။အပိုဒ်(၃)သည် အဓိပတိပစ္စယော၏အဆုံးပိုဒ်အဖြစ်လည်းပြန်ပါလာမည်ဖြစ်ပါသည်။ **အာရဗ္ဘ**တစ်လုံးသာပြောင်းလဲသွားပါမည်။

ထို့အပြင် ဤအပိုဒ် ၁ (က) မှ (စ)အထိသည် ပုရေဇာတပစ္စယ၊အတ္ထိပစ္စယ၊အဝိဂတပစ္စယ၊တို့တွင်လည်း၊ဤအတိုင်း မပြောင်းမလဲ ပါရှိမည်ဖြစ်ပါ ၍ ဤအပိုဒ်ကို အလွတ်ရပါက ပုရေဇာတပစ္စယ၊အတ္ထိပစ္စယနှင့်အဝိဂတပစ္စတို့၏အစိတ်အပိုင်း များကိုလည်းအလွတ်ရပြီးဖြစ်သွားပါသည်။



၁၀။ပုရေဇာတပစ္စယ

မဟာပဋ္ဌာန်းစာအုပ်ကို ဖွင့်ကြည့်ပါ။ စောစောက ကျက်ခဲ့သော အတ္ထိပစ္စယ / အဝိဂတပစ္စယ နှင့် ယှဉ်ကြည့်ပါ။ ၎င်းမှအပိုဒ်(က)(ခ)(ဂ)(ဃ)နှင့်(င)တို့မပါဝင်ပါ။နိသယပစ္စယ တုန်းကပုရေဇာတတို့၏အချုပ်ဖြစ်နေကြောင်းတွေ့ရပေလိမ့်မည်။ အချုပ်ကိုရနေရာမှအလွတ်ကျက်ရန်မလိုတော့ပါ။ကွာခြားမှုကို ရှာဖွေမှတ်သားရန်သာရှိပါတော့သည်။ပုရေဇာတ၏နောက်ဆုံးပိုဒ် ၂ပိုဒ်ကိုကြည့်ပါ။

(ယံရူပံနိသာယမနောဓာတုစမနောဝိညာဏဓာတု စ ဝတ္တန္တိ၊ တံ ရူပံ **မနောဓာတုယာ** တံသမ္မယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေနပစ္စယော။)

ဤအပိုဒ်ကိုအတ္ထိနှင့်အဝိဂတပုဒ်နောက်ဆုံးပိုဒ်နိသယ နောက်ဆုံးပိုဒ်တို့တွင် တွေ့ခဲ့ဖူးပြီး၊ သို့သော် သီသီကလေး လွဲသွားသည်မှာ အထက်တွင်ဖော်ပြ မျဉ်းသားထားသော မနောဓာတုယာ၌(စ)မပါခြင်းပင်ဖြစ်ပါသည်။သံနေသံထားနှင့် ရွတ်ဆိုသောအခါ ဤ (စ) မပါသဖြင့် အသံမကျသေးဘဲ မဆုံး သေးကြောင်း၊ နောက်တစ်ပိုဒ် ကျန်နေသေးကြောင်း၊ သတိရ ခံစားရပါလိမ့်မည်။ နောက်တစ်ပိုဒ်မှာ သဟဇာတတုန်းက သတိ ပေးခဲ့သည့်အတိုင်း **ကိဉ္စိကာလေ နပါမည်**ကို သတိပြုပါက လွယ်ကူသွားပါသည်။ စာရေးသူကိုယ်တိုင် အာဂုံစရွတ်စဉ်က ဤနေရာတစ်ချက်သည် ဒုက္ခပေးခဲ့ဖူးပါသည်။ ဤအပိုဒ်ကို နာနာ ဖိကျက်လိုက်ပါ။

(၉)ဥပနိဿယပစ္စယ

ဥပနိဿယပစ္စယောတိ ...

၁။ (က)	ပုရိမာ	ကုသလာဓမ္မာ	ပစ္ဆိမာနံ	ကုသလာနံ ဓမ္မာနံ	–
(ခ)		ကုသလာဓမ္မာ		အကုသလာနံ ဓမ္မာနံ	ကေသဘ္ဗိ
(ဂ)		ကုသလာဓမ္မာ		အဗ္ယာကတာနံ ဓမ္မာနံ	–
၂။ (က)		အကုသလာဓမ္မာ		အကုသလာနံ ဓမ္မာနံ	–
(ခ)		အကုသလာဓမ္မာ		ကုသလာနံ ဓမ္မာနံ	ကေသဘ္ဗိ
(ဂ)		အကုသလာဓမ္မာ	ပစ္ဆိမာနံ	အဗ္ယာကတာနံ ဓမ္မာနံ	–
၃။ (က)	ပုရိမာ	အဗ္ယာကတာဓမ္မာ		အဗ္ယာကတာနံ ဓမ္မာနံ	–
(ခ)		အဗ္ယာကတာဓမ္မာ		ကုသလာနံ ဓမ္မာနံ	–
(ဂ)		အဗ္ယာကတာဓမ္မာ		အကုသလာနံ ဓမ္မာနံ	–

ဥပနိဿယပစ္စယ

၄။ ဥတုဘောဇနမ္ပိ
၅။ ပုဂ္ဂလောပိ
၆။ သေနာသနမ္ပိ

ပစ္စယော

ယခင်က အနန္တရပစ္စယ နှင့် သမနန္တရပစ္စယတွင် ကုသလာနှင့် အကုသလာ မတွဲပါ။ ယခုတွဲပါသည်။ တွဲတိုင်း (ကေသဘ္ဗိ)ပါသည်ကိုမှတ်သားရပါမည်။ကုသလာ၊အကုသလာ၊ အဗ္ယာကတာတို့ကိုယဉ်ပါးပြီးဖြစ်၍အောက်ဆုံးအပိုဒ်(၄)(၅)နှင့် (၆)အတိုကလေးကိုသာကျက်ရပါမည်။ထို့ကြောင့်ဤတစ်ပုဒ်ထဲ တစ်ရက်မပေးပါ။ ပုရေဇာတပစ္စယ သို့ တစ်ဆက်တည်း တက်ပါမည်။

(၃) အဓိပတိပစ္စယ

အဓိပတိပစ္စယောတိ ...

၁။ (က)	ဆန္ဒာဓိပတိ	ဆန္ဒ	–	သမ္ပယုတ္တကာနံ
(ခ)	ဝီရိယာဓိပတိ	ဝီရိယ	–	ဓမ္မာနံ
(ဂ)	စိတ္တာဓိပတိ	စိတ္တ	–	တံသမုဋ္ဌာနာနဉ္စ
(ဃ)	ဝီမံသာ ဓိပတိ	ဝီမံသ	–	ရူပါနံ

၂။ ယံ ယံ ဓမ္မံ **ဂရုံ ကတ္ဝာ** ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ၊ တေ တေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ

အဓိပတိပစ္စယော

အရမ္မဏာပစ္စယတွင်(တံသမ္ပယုတ္တကာနဉ္စဓမ္မာနံ)သည် ယခုအဓိပတိပစ္စယတွင်(သမ္ပယုတ္တကာနံဓမ္မာနံတံသမုဋ္ဌာနာနဉ္စ ရူပါနံ)ဟုပြောင်း၍မှတ်ရုံသာရှိပါသည်။အပိုဒ် ၂သည်(**အာရဗ္ဘ**) အစား(**ဂရုံကတ္ဝာ**)ပြောင်းရုံသာရှိပြီးကျန်အထက်ကအတိုင်းပင် ဖြစ်ပါသည်။

ရှေ့သို့ခရီးဆက်ကြပါစို့။အနန္တရပစ္စယနှင့်သမနန္တပစ္စယ သည်အတူတူပင်ဖြစ်ပါသည်။မည်ကဲ့သို့တူနေသည်ကိုတစ်ဖက်တွင် ရှင်းလင်းစွာတွေ့မြင်နိုင်ပါသည်။

အထက်ဖော်ပြချက်ကို သာသနာရေးဦးစီးဌာနထုတ် ပဋ္ဌာန်းပါဠိတော်စာအုပ်စာမျက်နှာ(၁၉)ပါအတ္ထိပစ္စယ၊စာမျက်နှာ (၂၁)ပါ အဝိဂတပစ္စယ တို့နှင့် နှိုင်းယှဉ်ကြည့်ပါ။ ပုံနှိပ်စာလုံးနှင့် (၄)မျက်နှာရိုက်ထားသည်ကိုတစ်မျက်နှာတည်းနှင့်လက်ဝါးပေါ်တွင် တင်ကြည့်နိုင်အောင်ရေးပြထားခြင်းဖြစ်ပါသည်။ဤရာတူရာတို့ကို စု၍ဘောင်သွင်းလိုက်ခြင်းဖြင့်မှတ်သားရမည့်ကွဲပြားမှုများသည် ရှင်းရှင်းကြီးပေါ်လာပါသည်။အပိုဒ်(က)မှ(စ)အထိသည်ရှေ့ပိုင်း အရမ္မဏာပစ္စယအပိုဒ်(က)မှ(စ)အထိနှင့်ထပ်တူဖြစ်၍စာရှည် အလွတ်ရပြီးဖြစ်နေပါသည်။ခေတ္တဖယ်ထားလိုက်ပါ။ဤနေရာတွင် ကျက်စရာဟူ၍အပိုဒ်၁(က)မှ(ဂ)နှင့်အပိုဒ်၄သာရှိပါသည်။ အပိုဒ် ၂သည်စက္ခာ–စက္ခု၊သောတာ–သောတ၊ဃာနာ–ဃာန၊ ဇိဝှာ–ဇိဝှါ၊ကာယ–ကာယတို့ကိုမှတ်ရုံနှင့်အလွတ်ရပါသည်။

တစ်နေ့တာအတွင်း ရသမျှအချိန်ယူ၍ တစ်ရက်တည်း ကျက်လိုက်ပါ။ပစ္စယနိဒ္ဒေသပါဠိတော်၏ထက်ဝက်မျှအပိုင်းပြီဟု ယုံကြည်စွာ နှလုံးသွင်း၍ အစားထိုးမရနိုင်သော ပိတိအဟုန်ကို ခံစားနိုင်ပါပြီ။

ဤတွင်(၆။သဟဇာတပစ္စယ၊ဂ။အညမညပစ္စယ၊၈။ နိဿယပစ္စယ)တို့ကိုတက်ပါမည်။ပဋ္ဌာန်းစာအုပ်ကိုဖွင့်ကြည့်ပါ။ တူရာ၊ မတူရာ ဇယားချပြရန် လိုပါဦးမည်လား။ စာရှည်သူ အလွတ်ရပြီးသားချည်းဖြစ်နေပါသည်။

အပိုဒ်၁တွင်...

စက္ခုနှင့်မနော၊သောတနှင့်မနော၊ဃာနနှင့်မနော စသည်ဖြင့် တစ်လှည့်စီ၊ မနောဓာတုယာ နှင့် မနောဝိညာဏ ဓာတုယာ တစ်လှည့်စီပါဝင်ပုံကိုမှတ်သားရပါမည်။

အပိုဒ် ၂တွင်...

ကုသလာ(၂)ခါ၊အကုသလာ(၂)ခါ၊အဗ္ယာကတာ(၃) ခါပါပုံကိုလည်းကောင်း၊ကုသလာ(၂)ခါသည်ကုသလာနှင့်တခါ၊ အဗ္ယာကတာနှင့်တစ်ခါတွဲပုံ၊အကုသလာ(၂)ခါသည်အကုသလာ တစ်ခါနှင့်အဗ္ယာကတာ တစ်ခါတွဲပုံ၊(ကုသလာနှင့်အကုသလာ မတွဲပုံ)အဗ္ယာကတာ(၃)ခါတွင်အဗ္ယာကတာချင်းဆန့်ဆုံးကတွဲပြီး ကုသလာအကုသလာတို့အစဉ်လိုက်တွဲပုံတို့ကိုမှတ်သားရပါမည်။

အပိုဒ်၃တွင်...

အနန္တရပစ္စယ ရွတ်လျှင် (အနန္တရာ)ကို လည်းကောင်း၊ သမနန္တရပစ္စယရွတ်လျှင်(သမနန္တရာ)ကိုလည်းကောင်း၊ဆိုင်ရာ ဆိုင်ရာ ပြောင်းလဲရွတ်ဆိုရုံသာဖြစ်ပြီး၊ ကျန်ခြားနားမှု မရှိ၊ အနန္တရပစ္စယနှင့် သမနန္တပစ္စယတို့သည် တစ်ခါ ကျက်ရုံနှင့် နှစ်မျိုးစလုံးရသော အမ္ဘာပုဒ်များဖြစ်ကြပါသည်။

စာရှည်သူဗုဒ္ဓဘာသာဝင်သည်မဟာပဋ္ဌာန်းပစ္စယနိဒ္ဒေသ ပါဠိတော်ကို အာဂုံဆောင်ရန် မည်မျှစိတ်ထက်သန်ပါသနည်း။ အာသီသ ပြင်းပြသောပုဂ္ဂိုလ်၊ ယခင်က အရွတ်နာခဲ့သောပုဂ္ဂိုလ် တို့သည်ယခုရှင်းလင်းတင်ပြပြီးသည်အထိကိုတစ်နေ့တာအတွင်း

(၄)အနန္တရပစ္စယ(၅)သမနန္တရပစ္စယ
အနန္တရပစ္စယောတိ... သမနန္တရပစ္စယောတိ...

၁။ က ၁။	စက္ခုဝိညာဏဓာတု	တံ	မနောဓာတုယာ	တံ	အ	
၂။	မနောဓာတု		မနောဝိညာဏဓာတုယာ			
ခ ၁။	သောတဝိညာဏဓာတု	သမ္ပ	မနောဓာတုယာ	သမ္ပ	နန္တ	
၂။	မနောဓာတု	ယုတ္တ	မနောဝိညာဏဓာတုယာ	ယုတ္တ	ရ	
ဂ ၁။	ဃာနဝိညာဏဓာတု		မနောဓာတုယာ		ပစ္စ	
၂။	မနောဓာတု	ကာ	မနောဝိညာဏဓာတုယာ	ကာ	ယေန	
ဃ ၁။	ဇိဝှါဝိညာဏဓာတု		မနောဓာတုယာ	နဥ္စ	ပစ္စ	
၂။	မနောဓာတု	စ	မနောဝိညာဏဓာတုယာ	ဓမ္မာ	ယော	
င ၁။	ကာယဝိညာဏဓာတု	ဓမ္မာ	မနောဓာတုယာ	နံ	/	
၂။	မနောဓာတု		မနောဝိညာဏဓာတုယာ			
၂။ က ၁။	ပု ကုသလာဓမ္မာ		ကုသလာနံ ဓမ္မာနံ	---	သမ	
၂။	ရိ ကုသလာဓမ္မာ	ပစ္ဆိ	အဗျာကတာနံ ဓမ္မာနံ	---		
ခ ၁။	မာ အကုသလာဓမ္မာ	မာနံ	အကုသလာနံ ဓမ္မာနံ	---	နန္တ	
၂။	အကုသလာဓမ္မာ		အဗျာကတာနံ ဓမ္မာနံ	---	ရ	
ဂ ၁။	ပု အဗျာကတာဓမ္မာ	ပစ္ဆိ	အဗျာကတာနံ ဓမ္မာနံ	---	ပစ္စ	
၂။	ရိ အဗျာကတာဓမ္မာ	မာနံ	ကုသလာနံ ဓမ္မာနံ	---	ယေန	
၃။	မာ အဗျာကတာဓမ္မာ		အကုသလာနံ ဓမ္မာနံ	---	ပစ္စ	
၃။ ယေသံ ယေသံ ဓမ္မာနံ **(အနန္တရာ/သမနန္တရာ)** ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ၊ တေ တေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ					ယော	

သဟဇာတပစ္စယတွင်အောက်ဆုံးအပိုဒ်(ရူပိနောဓမ္မာ အရူပိနံ ဓမ္မာနံ ကိဥ္စကာလေ သဟာဇာတပစ္စယေန ပစ္စယော၊ ကိဥ္စကာလေ နသဟဇာတပစ္စယေန ပစ္စယော)ကို အလွတ်ကျက်မှတ်ပါ။ချရေးကြည့်ပါ။ဤနေရာတွင်ပါသော **ကိဥ္စကာလေ**နှင့် **ကိဥ္စကာလေန** တို့သည်သဟဇာတပစ္စယနှင့်ပုရေဇာတပစ္စယ တို့တွင်သာ ပါဝင်မည်ဖြစ်၏။ ကျန်မည်သည့်ပစ္စယတွင်မှ မပါဝင်ကြောင်း မှတ်သားထားလျှင် နောင် (၂၄)ပစ္စည်းလုံး ရွတ်ဆိုရာ၌ အကျိုးရှိပါသည်။

၇။အညမညပစ္စယ ။အတ္ထိပစ္စယ–အဝိဂတပစ္စယ၏ အပိုဒ်၁(က)(ခ)(ဂ)နှင့်ယှဉ်ကြည့်ရုံနှင့်အလွတ်ရသွားပါလိမ့်မည်။

၈။ နိဿယပစ္စယ ။ အတ္ထိပစ္စယ – အဝိဂတပစ္စယ၏ အပိုဒ်၃မပါဝင်သည်မှအပကျန်တာအတူတူချည်းဖြစ်ပါသည်။

မည်သို့ပင်ဆိုစေ ယခုအချိန်အထိ အလွတ်ရပြီးသမျှကို ထုံသွားသည်အထိ ပြန်လှန်ရွတ်ဖတ်ရန်နှင့် သဟဇာတပစ္စယ၊ အညမညပစ္စယ နှင့် နိဿယပစ္စယ ပုဒ်တို့ကို ကျက်မှတ်ရန် **တစ်ရက်** အချိန်ယူပါ။

၉။ဥပနိဿယပစ္စယ သို့တက်ပါမည်။

ရသမျှအချိန်ကလေးတွင်တစ်နေ့နှစ်နာရီမျှလေ့လာပါက(၂)ရက်နှင့် အလွတ်ရသွားမည်ဖြစ်ပါသည်။အစိမ်းသက်သက်ဖြစ်မူ(၃)ရက်မျှ အချိန်ပိုမိုရယူကြိုးစားရမည် ဖြစ်ပါသည်။ ဉာဏ်ကောင်းသည် ဉာဏ်ထိုင်းသည်ဆိုခြင်းထက်ပြင်းပြသောဆန္ဒနှင့်ထီရိယအပေါ်တွင် တည်မှီပါသည်။

ကြားဖြတ်တင်ပြလိုသည်မှာ ယခုဆောင်းပါး၌ တူရာ၊ မတူရာ အုပ်စုခွဲခြားတင်ပြရာ၌ အဓိပ္ပါယ်ပေါ် လုံးဝမူမတည်ဘဲ အလွယ်တကူအလွတ်ရစေရန်သာရည်ရွယ်၍ခွဲခြားထားပါသည်။

မဟာပဋ္ဌာန်းတရားတော်သည်လေးနက်ကြီးမြတ်လှသည် ဖြစ်၍ရွတ်ဆိုရာတွင်အမှားအယွင်းမရှိသင့်ပါ။သို့ပါ၍မိမိအာဂုံ ရပြီးသမျှကို စာရွက်ပေါ်တွင်ရေးချပြီး၊ မူမှန်စာအုပ်နှင့်ပြန်လည် တိုက်ဆိုင်ကြည့်ခြင်းဖြင့်တိကျမှန်ကန်မှုကိုရယူကြစေလိုပါသည်။

သမနန္တရပစ္စယအထိပစ္စယ(၅)ပါးပြီးနောက်၊အမှတ် (၆)ကိုမသွားဘဲ၊အမှတ်စဉ်(၂၁)အတ္ထိပစ္စယနှင့်အမှတ်စဉ်(၂၄) အဝိဂတပစ္စယ အမှွာအပိုဒ်များကို တင်ပြပါမည်။ အကြောင်းမူ တစ်ပိုဒ်ကျက်ရုံနှင့် နှစ်ပိုဒ်ရသည်သာမက သဟဇာတပစ္စယ၊ အညမညပစ္စယ၊ နိဿယပစ္စယ နှင့် ပုရေဇာတပစ္စယ စသော (၄)ပိုဒ်ကိုပါအလွတ်ရသွားမည်ဖြစ်သောကြောင့်ပင်ဖြစ်ပါသည်။

(၂၁)အတ္ထိပစ္စယ **(၂၄)အဝိဂတပစ္စယ**
အတ္ထိပစ္စယောတိ ... **အဝိဂတပစ္စယောတိ...**

၁။ က။	စတ္တာရော ခန္ဓာ အရူပိနော အညမညံ				အ
ခ။	စတ္တာရော မဟာဘူတာ အညမညံ				တ္ထိ
ဂ။	ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ				ပစ္စ
ဃ။	စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ				ယေ
င။	မဟာဘူတာ ဥပါဒါရူပါနံ				နပစ္စ
၂။ က။	စက္ခာယတနံ စက္ခု	ဝိ	တံ		ပစ္စ
ခ။	သောတာယတနံ သောတ	ညာ	သမ္ပ		ယော
ဂ။	ဃာနာယတနံ ဃာန	ဏ	ယုတ္တ		/
ဃ။	ဇိဝှါယတနံ ဇိဝှါ				အ
င။	ကာယာယတနံ ကာယ	ဏ	ကာ		ဝိ
၃။ က။	ရူပါယတနံ စက္ခု	ဓာ			ဂ
ခ။	သဒ္ဒါယတနံ သောတ				တ
ဂ။	ဂန္ဓာယတနံ ဃာန	တု	နဥ္စ		ပစ္စ
ဃ။	ရသာယတနံ ဇိဝှါ				ယေ
င။	ဖောဋ္ဌဗ္ဗာယတနံ ကာယ	ယာ	ဓမ္မာ		နပစ္စ
စ။	ရူပါယတနံ သဒ္ဒါယတနံ ဂန္ဓာယတနံ ရသာယတနံ ဖောဋ္ဌဗ္ဗာယတနံ	မနောဓာတုယာ	နံ		ယော
၄။ ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာ စ မနောဝိညာဏဓာတုယာ စ					